
(မန္တလေး)
ဒေဝီသခင်မ

## အပိုင်း(၁)

"ဘိုတို... ဘိုတို... ပတောက်... ပတောက်"

"ကျိ... ကျိ... ကျလိ... ကျလိ"

သမင်ဖိုမြူးသံ၊ ချေဟောက်သံ၊ ကျေးငှက်သာရကာ မျိုးစုံတို့ အသံသည် ဘခက်နားထဲတွင် မြူးထူး စီးမျောလာသလို၊ ဘခက် ကိုင်ထားသည့် ရိုင်ဖယ်သေနတ်ကို ပို၍ တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်မိသည်။

သူ၏ အနောက်နား ကပ်လျက် လိုက်ပါလာသော ဇော်ရဲအား...

"ငဇော်... မင်းခါးကြား ချိတ်လာတဲ့ ရေဗူးတို့ လမ်းလျှောက်ရင် အသံမြည်မယ့် ပစ္စည်းမှန်သမျှ ဟောဟိုက ကညင်ပင် ခြေရင်း ပုံထားခဲ့"

ဇော်ရဲက ဆရာဘခက် ပြောသည့်အတိုင်း လွယ်ပလိုင်းနှင့် ရေဗူး၊ ဓား မြောင်တို့ပါသော ခါးပတ်ကို ချွတ်၍ ကညင်ပင် ခြေရင်းတွင် ပုံထားလိုက်သည်။

ဘခက် ကိုယ်တိုင်လည်း သူ့ခါးတွင် ပတ်ထားသည့် ခါးပတ်ကို ဖြုတ်၍ ပုံထားလိုက်သည်။

ဘခက် သူ၏ လက်ပတ်နာရီကို လှမ်းကြည့်လိုက်သည်။

ညနေ ၄နာရီကျော်ပြီ ဖြစ်သည်။ ဆရာတပည့် နှစ်ယောက် အမဲလိုက်ထွက်လာလိုက်တာ ညနေပင် အတော်စောင်းပြီ၊ ဘာသားကောင်မျှ မရသေးချေ။

ခမ်းကြီးချောင်း အလွန် ခင်တန်းကို ဖြတ်လာမှ သမင်ဖို အသံကို စကြားရ

ခြင်း ဖြစ်သည်။

ဇော်ရဲ၏ ခါးက ခါးပတ်တွင် ချိတ်လာသော ရေဗူးသံ တချွမ်ချွမ်ကြောင့် လူတို့ထက် ပို၍ နားပါးသော သားကောင် လွတ်သွားမည်စိုး၍ ဘခက်က သူ့တပည့်အား အသံလုံရန် သတိပေးလိုက်ခြင်း ဖြစ်သည်။

ဘခက်နှင့်ဇော်ရဲ တောင်ခြေလျှော အဆင်းလေးတိုင်း အသံလုံလုံ ဆင်းလာခဲ့ရာ ခမ်းကြီးချောင်း အထက်နားသို့ ရောက်လာ၏။ ချောင်းမရောက်မီ တစ်မိုင်သာသာခန့်တွင်...

"ဝို... ဝို... ဝို" (ဖြူတ်များ အညှီအုံသံ)

သမင်ချေးပုံကို ဖြူတ်များ အုံနေသည်ကို တွေ့လိုက်ရသည်။ ဘခက် ပြုံးလိုက်သည်။ သေချာပြီ ထိုချေးပုံ အစိုဓာတ် မပြယ်သေးလျှင် သားကောင်သည် ဝေးဝေးလံလံ ရှာစရာ မလို။ ဤ အနီးတစ်ဝိုက်တွင် ရှိနေမည်ဖြစ်၏။

အချိန်က နေဝင်ဖျိုးဖျမို့ သစ်ရိပ် တောင်ရိပ်ကြောင့် သူတို့ ရောက်နေသည့် နေရာတွင် အလင်းရောင် အားနည်းနေ၏။

မိုးသို့ ထိုးထောင်နေသော ကညင်ပင်ကြီးများ၏ အရွက်ဖားဖားကြီးတွေ ကြောင့်လည်း အလင်းရောင် နည်းနေခြင်း ဖြစ်လိမ့်မည်။

"ဖြောက်... ဖြောက်... ဖလပ်... ဖလပ်"

တွေ့ပါပြီ။ သမင်အဖိုကြီး တစ်ကောင် သစ်ပင်ငယ်လေးများမှ အညွန့် အသစ်များကို တပြတ်ပြတ် ဝါးနေခြင်း ဖြစ်သည်။

ဘခက်... ဇော်ရဲကို လက်ဝါးကာ ပြလိုက်သည်။

အသာငြိမ်ငြိမ် စောင့်ကြည့်နေရန် ဖြစ်သည်။ လှပသော ဦးချိုထောင်နှင့် သမင်ဖိုကြီးမှာ အစားစားရင်း သူ၏ ဘေးအန္တရာယ်ကိုလည်း နားစွင့်နေဟန် ရှိသည်။

သားကောင်တို့၏ သဘောမှာ ပါးနပ်လိမ္မာလေ့ ရှိသည်။ သစ်ရွက်အညွန့်လေးများကို စားနေသော သမင်ဖိုကြီးသည် အစာဝါးလိုက် ခေါင်းကို ဘယ်ညာ ခါယမ်းကာ ကြည့်လိုက်ဖြင့် အန္တရာယ်ကို နားစွင့်ကာ အလွန် သတိရှိနေပုံရ၏။

ဘခက်တို့ အသံတစ်ချက်မျှ ထွက်တာနဲ့တင် သမင်ဖိုကြီးအား လက်လွှတ် ဆုံးရှုံးရမည် ဖြစ်သည်။

ဆူဖြိုးနေသော သမင်ဖိုကြီးကို ကြည့်၍ ဇော်ရဲ အလေးချိန် ခန့်မှန်းကာ ပျော်နေ၏။

လှပသော သမင်ဦးချိုကို မြို့က လောပန်တွေက ဈေးကောင်းပေးမည်မို့ ဒီနှစ် ရွာဘုရားပွဲတွင် ဂျင်းဘောင်းဘီရှည် အသစ်ဖြင့် အပျိုတွေရှေ့ လမ်းသလား ပြရဦးမည်ကို စိတ်ကူးယဉ်ကာ ပျော်နေလိုက်သည်။

ဘခက် သူ၏ သေနတ်ဒင်ကို မြေပေါ် အသာယာ ထောက်လိုက်သည်။ ပြီးတော့ သေနတ်မောင်းကို အသံ မမြည်အောင် တြိတ်၍ တင်လိုက်သည်။

ဘခက် သေနတ်ဖြင့် သမင်အဖိုကြီးကို အသေအချာ ချိန်ရွယ်လိုက်၏။ ဇော်ရဲ သူ၏နားနှစ်ဖက်ကို ပိတ်လိုက်သည်။ ဘခက်ထံမှ သေနတ်မောင်း ခလုတ် ဆွဲညှစ်သံနဲ့အတူ...

"ဒိုင်း..."

ကျည်ဆန်သည် သမင်ဖိုကြီး၏ ညာဖက် လည်တိုင်ကို ဖောက်ထွက်ကာ သွေးစများ ဖွာထွက်သွားသည်ကို ဇော်ရဲ တွေ့လိုက်ရသည်။

သမင်ဖိုကြီး ခွေခနဲ လဲကျသွား၏။ ဇော်ရဲ သမင်ဖိုကြီး လဲကျရာသို့ ဝမ်းသာအားရ ပြေးမည်အပြုတွင် ဘခက်က သူ၏လက်ကို စောင့်ဆွဲ၍ အသာ ထိုင်နေရန် ပြောလိုက်သည်။

"ငဇော်... ထိုင်နေစမ်း၊ မင်းကို ငါ ဘာမှာထားလဲ"

အမှန်တော့ သားကောင် ခပ်ကြီးကြီး ရပြီဟုဆိုကာ လူငယ်သဘော သဘာဝအရ ဇော်ရဲ အားရဝမ်းသာ သမင်ဖိုကြီး လဲကျရာသို့ ပြေးမည် ပြုမိလိုက်ခြင်း ဖြစ်သည်။

မုဆိုးသက် ရင့်နေသော ဆရာဘခက်က တောမဝင်ခင် မှာထားခဲ့သည်။ တောသဘာဝကို သင်ကြားပေးခဲ့သည်။

မုဆိုးဆိုတာ... ဆန္ဒစောခဲ့လျှင် သားကောင်ပြန် ဖြစ်တတ်သည်လေ။ သမင်ဖိုကြီးကို သူတို့လို လူမုဆိုးတင် ချောင်းနေသည် မဟုတ်ပဲ တခြား ဟင်းမျိုးကြီး(ကျား/ကျားသစ်)များ ချောင်းနေခဲ့သည် ရှိပါက ကိုယ်က သားကောင် ဘဝသို့ ပြန်ရောက်သွားနိုင်သည် မဟုတ်လား။

ဇော်ရဲ... ဆရာဘခက် အနီးထိုင်ချရင်း အခြေအနေကို စောင့်ကြည့်နေစဉ်...

"ဖြောက်... ဖြောက်... ဝေါ ... ဖြောက်... ဖြောက်" (လေတိုးသံနှင့် မိုးစက်ပေါက်များကျသံ)

ထူးဆန်းလှပေစွ။ မိုးသား မိုးရိပ်မမြင်ရပဲ၊ ကောင်းကင်မှ မိုးစက်များသည် အရှိန်ပြင်းပြင်းဖြင့် ရွာချလာသည်။

ဘခက် ဇော်ရဲ လက်ကို ဆွဲကာ ကညင်ပင်ကြီး တစ်ပင်၏ ခြေရင်းတိုးကပ်ကာ မိုးခိုရင်း သမင်ဖိုကြီး လဲကျရာသို့ ဂရုတစိုက် ကြည့်နေလိုက်သည်။

၃မိနစ်ခန့် အကြာတွင် ရွာနေသော မိုးသည် ရုတ်ခြည်း တိတ်သွား၏။ အလင်းရောင်သည် အလွန် အားဖျော့နေပြီ။

နေလုံးကြီးသည် အနောက်ဖက် တောတန်းထဲသို့ တစ်စတစ်စ ငုပ်လျှိုးနေ

ပြီ ဖြစ်သည်။

"ဝေါ… ဝေါ… ဝေါ"

တောလဲသံလိုလို တောင်ပြိုသံလိုလို အသံကြီးသည် ဘခက်တို့ ဆရာတပည့် နှစ်ဦးအကြား ခြောက်လှန့် လိုက်သလို ဝင်ရောက်လာပြီး…

ဘခက်တို့ ပစ်လိုက်သည့် သမင်ဖိုကြီး လဲကျနေရာ အနီးမှ မီးလောင်ထားဟန်ရှိသော သစ်ပင်ခြောက်ကြီးမှ အစိမ်းရောင် ဝမ်းဆက် ဝတ်ထားသော အမျိုးသမီးတစ်ဦး တရွေ့ရွေ့ ထွက်လာသည်။

ထိုအစိမ်းရောင် ဝမ်းဆက်ဝတ် အမျိုးသမီးသည် သစ်ပင်ခြောက်ကြီးမှ တရွေ့ရွေ့ဖြင့် ရွေ့လျားလာပြီး လဲကျနေသည့် သမင်ဖိုကြီးကို စိုက်ကြည့်နေသည်ကို ဘခက်တို့ ဆရာတပည့် နှစ်ဦး အံ့သြဖွယ်ရာ မြင်တွေ့လိုက်ကြရသည်။

ဇော်ရဲသည် ကြောက်လန့်တကြား ဘခက် လက်မောင်းကို ကိုင်လှုပ်ကာ အသံ ခပ်တိုးတိုးဖြင့်…

"ဆရာခက် ကြည့်… ကြည့်… လိုက်ဦး"

ဘခက်က သူ့တပည့် ပါးစပ်ကို လှမ်းပိတ်လိုက်ပြီး…

"ရှူး တိုးတိုး၊ အသံမထွက်နဲ့ ငါ့နောက်မှာနေ…"

သူတို့နှစ်ဦး ကြည့်နေစဉ်မှာ အစိမ်းရောင်ဝမ်းဆက် ဝတ်ဆင်ထားသည့် အမျိုးသမီးသည် လဲကျသေနေသည့် သမင်ဖိုကြီးကို စတင်၍ လှည့်ပတ်လိုက်သည်။

သူမကို ကြည့်ရသည်မှာ လမ်းလျှောက်နေသည်နှင့် မတူ။ လေထဲတွင် ခပ်နိမ့်နိမ့် ဝဲပျံနေသည့် အလားပင်။

သမင်ဖိုကြီးကို သူမသည် ၃ပတ် ပြည့်အောင် လှည့်အပြီးတွင် ထူးခြား

ဆန်းကြယ်စွာ ရိုင်ဖယ်ကျည်ဆန် ထိမှန်၍ သေနေသည့် သမင်ဖိုကြီး သည် လဲကျနေရာမှ ထလာပါတော့၏။

ဇော်ရဲ လွန်စွာမှ အံ့သြနေသည်။

ဆရာ ဘခက်၏ သေနတ်ပစ် စွမ်းရည်ကို သူ ယုံကြည်သည်။ ပြီးတော့ ရိုင်ဖယ်ကျည်ဆိုတာ တော်ရုံဆင်ကြီးတောင် ချက်ကောင်း ထိမှန်ပါက ဖင် ထိုင်လဲကျပြီး ပြန်ထ မလာနိုင်တော့ပေ။

ယခု သမင်ဖိုကြီးသည် ပကတိ အကောင်းပမာ ပြန်ထလာပြီး အစိမ်း ရောင်ဝတ် အမျိုးသမီး၏ အနောက်သို့ လိုက်ပါသွား၏။

အစိမ်းရောင်ဝတ် အမျိုးသမီးမှာ အနောက်က လှမ်းကြည့်လျှင် လွန်စွာ အချိုးကျသော ကိုယ်လုံးပိုင်ရှင်ဖြစ်၏။

အဝေးက လှမ်းမြင်ရသည်ပင် အမို့အမောက် ရှိုက်ကြီးဖိုင်င် အသွယ်သွယ် တို့မှာ လက်ရာမြောက် ပန်းပုရုပ် ထုဆစ်ထားသည့် အလား မှင်သက် ငေး မောနေမိသည်။

ထိုလှပသော ခန္ဓာကိုယ်ပိုင်ရှင် အမျိုးသမီးသည် သေရွာပြန် သမင်ဖိုကြီး ကို ခမ်းကြီးချောင်း ရှိရာသို့ တရွေ့ရွေ့ ခေါ်ဆောင်သွားနေပါ၏။

ဘခက်က ဇော်ရဲကို သူ့နောက်မှာ ခြေသံလုံလုံ လိုက်လာရန် ပြောပြီး သမင်ဖိုကြီးနှင့် အစိမ်းရောင်ဝတ် အမျိုးသမီး အနောက်သို့ ကိုက်နှစ်ဆယ် အကွာခန့်မှ ထပ်ကြပ်မကွာ လိုက်သွားသည်။

တရွေ့ရွေ့ တဖြည်းဖြည်းနှင့် သွားနေသော သမင်ဖိုကြီးနှင့် မိန်းမပျိုလေး သည် ခမ်းကြီးချောင်း ရောက်ရန် သိပ်မလိုတော့ပေ။

ထိုစဉ် မိန်းမပျိုလေးသည် ခေတ္တ ရပ်နားလိုက်၏။

ပြီးတော့ သူမတို့ အနောက်မှ လိုက်လာသော ဘခက်တို့ ဆရာတပည့်

နှစ်ယောက်ဘက်သို့ သူမ မျက်နှာလှည့်လာသည်။

ဆရာဘခက်တော့ မသိ။ ဇော်ရဲသည် မိန်းမပျိုလေး၏ မျက်နှာကို မြင်လိုက်သည်နှင့် အသက်ရှူပင် ရပ်မတတ် ဖြစ်သွား၏။

ဖြူဝင်းသော အသားအရေ၊ ရှည်လျား နက်မှောင်နေသော ပိတုန်းရောင် ဆံကေသာနှင့် လိုက်ဖက်စွာ နတ်သမီးလေး တစ်ပါး ကိုယ်ထင်ပြနေသည့် အလား လွန်စွာမှ လှပလွန်းနေ၏။

ဤကဲ့သို့ အလှမျိုးကို ဇော်ရဲ ဘဝတွင် တစ်ခါဖူးမျှ မြင်တွေ့ခဲ့ဖူးခြင်း မရှိပေ။

ဇော်ရဲတို့ ကြည့်နေစဉ်မှာပင်... ထိုအစိမ်းရောင်ဝတ် အမျိုးသမီးသည် သာယာသော ရယ်သံသဲ့သဲ့လေး ပြုကာ...

သူမ၏ လက်တစ်ဖက် မြှောက်လာပြီး ဇော်ရဲတို့ဘက်ကို လက်ညှိုးထိုးလိုက်၏။

သေရာမှ ပြန်ထလာသော သမင်ဖိုကြီးသည် ဇော်ရဲတို့ ဘက်ကို ပြန်လှည့်လာသည်။

ဇော်ရဲ သမင်ဖိုကြီးကို လှမ်းကြည့်လိုက်သည်။ ဇော်ရဲခမျာ အံ့သြကြောက်ရွံ့သွားပါ၏။

ညနေ... နေဝင်ဖျိုးဖျတွင်ပင် သမင်ဖိုကြီး၏ မျက်လုံးသည် မီးကျီခဲ ခပ်ရဲရဲ ပမာ နီရဲ တောက်ပနေ၏။ ထိုမျက်လုံးကြီးများသည် ၎င်းတို့ ဆရာတပည့် နှစ်ယောက်ကို ရန်လို မုန်းတီးဟန် အပြည့်နဲ့ ကြည့်နေပါသည်။

အစိမ်းရောင် ဝမ်းဆက်နှင့် အမျိုးသမီးသည် ၎င်းတို့ ဆရာတပည့် နားမလည်သော စကားသံကို သမင်ဖိုကြီးအား ခပ်တိုးတိုး ရေရွတ် ပြောဆိုလိုက်သည်။

သမင်ဖိုကြီးသည် သူ၏ခေါင်းကို တဆတ်ဆတ် ငြိမ့်ကာ သခင်မ စကားနားလည်သည့် အလား ဇော်ရဲတို့ထံသို့ ၎င်း၏ ဦးချိုချွန်ကြီးနှင့် တိုးဝှေ့တိုက်ခိုက်ရန် အရှိန်ပြင်းစွာ ပြေးလာလေတော့၏။

ဇော်ရဲ ကြောက်လွန်းအား ကြီး၍ ကြောင်အမ်းအမ်းကြီး ကြည့်နေသည်။

ဘခက်ကတော့ ဘာမျှ မပြောပဲ၊ သူ၏ သေနတ်ကို သမင်ဖိုကြီး ကျော်၍ အစိမ်းရောင်ဝတ် အမျိုးသမီးထံ ချိန်ရွယ်လိုက်သည်။ ဇော်ရဲ အံ့သြသွားသည်။

ရန်ပြုမည့် သမင်ဖိုကြီးကို မပစ်ပဲ အစိမ်းရောင်ဝတ် အမျိုးသမီးကို သူ့ဆရာဘခက် ပစ်တော့မည်မို့…

"ဆရာခက်… မပစ်နဲ့… မပစ်နဲ့။ အဲဒါ… လူနော်… မှားမယ်…"

သို့သော်…

"ဒိုင်း…"

"ဖြီး… ဖြီး"

ဇော်ရဲ၏ တားမြစ်သံ မဆုံးသေးခင် ဘခက်၏ သေနတ် ပြောင်းဝမှ ကျည်ဆန် ထိပ်ဖူးသည် အစိမ်းရောင်ဝတ် အမျိုးသမီး၏ ရင်အုံကို ထိမှန်သွား၏။

ထိုအမျိုးသမီး လဲကျသွားသည့်နှင့် ဘခက်တို့ထံ ပြေးလာနေသော သမင်ဖိုကြီးသည် လမ်းတွင် ဘိုင်းခနဲ လဲကျသွားလေ၏။

ဇော်ရဲ ခေါင်းနပမ်းကြီး သွားသည်။ သွားပြီ။ ဆရာဘခက်တော့ လူသတ်မှုဖြင့် ထောင်ကျတော့မည်။

"ဆရာ… ဆရာ… ဘယ်လို လုပ်လိုက်တာလဲဗျာ၊ ကောင်မလေး… သနားစရာ၊ ပြီးတော့ ဆရာသမားလည်း လူသတ်မှုနဲ့ ထောင်ကျတော့မယ်ဗျာ၊

စိတ်ညစ်ပ…"

ဘခက်က ဇော်ရဲ ပခုံးကို ပုတ်ရင်း…

"ဟားဟား ဟား … ငဇော်… ငဇော် မင်း… အတော်ရယ်ရတဲ့ အကောင်ပဲကွ။ ကဲပါ… ငါ လူသတ် မသတ် မင်းထင်ထင်ရှားရှား သိရအောင် ငါပစ်လို့သေသွားတဲ့ အစိမ်းရောင် ဝမ်းဆက်ကြီးကို သွားကြည့်…"

ဘခက်နှင့်အတူ ဇော်ရဲသည် လဲကျနေသည့် အစိမ်းရောင် ဝမ်းဆက်နှင့် အမျိုးသမီးရှိရာသို့ သွားကြည့်ရာ၊ ဇော်ရဲ အလွန်အမင်း အံ့သြသွားလေ၏။

"ဟာ… ဆရာဘခက်… ဘယ်လို… ဘယ်လိုကြီးတုန်း"

ဇော်ရဲ မြင်လိုက်ရတာက အစိမ်းရောင်ဝတ် ချောမော လှပသော မိန်းမပျိုလေး မဟုတ်ပါ။ မြေပြင်ပေါ်တွင် သွေးအိုင်ထဲ လဲနေသည်က ဖွတ်စိမ်းကြီးတစ်ကောင်ဖြစ်နေခြင်းပင်။

ဘခက်က ပြုံးပြရင်း ပုခုံးတွန့်ပြ လိုက်၏။ ထိုအချိန်တွင်..

"ဝှီး… ဖလပ်… ဖလပ်"

(သစ်ရွက်ခြောက်တို့ လေတိုးသံ )

"ဖျော… ဖျော… ဖျော … ဝေါ… ဝရော"

ဘခက်တို့ တောဝန်းကျင်တွင် အကောင်တစ်ကောင် တိုးဝှေ့သွားသကဲ့သို့ မြည်ဟီးကာ လှုပ်ခတ်သွား၏။

"ဟားဟား ဟားဟား ဟားဟား"

ချောက်ချားဖွယ် ရယ်မောသံကြီး ကြားရလိုက်ပြီး တောကြီး တစ်ခွင်လုံးသည် မှုန်မှိုင်းသွားလေ၏။

***